Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



# မေလ ၂၀၁၄ခုနှစ်

## မာတိကာ


- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကန့်သတ်တားမြစ်ချက်များ
- သတင်းထဲမှ အေအေပီပီ
- အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ
- နိဂုန်းချုပ်နှင့် သုံးသပ်ချက်


## လက်ရှိအခြေအနေ အကျဉ်းချုပ်

အေအေပီပီ၏ လစဉ်စာရင်း ပြုစုထားမှုအရ ၂၀၁၃ နှစ်ကုန်မှ အစပြုပြီး နိုင်ငံရေးအကျဉ်းသား အရေအတွက်သည် ပုံမှန်တိုးလျှက် ရှိနေပါသည်။ ၂၀၁၄ ခုနှစ် မေလ အကုန်တွင် နိုင်ငံရေးအကျဉ်းသား အယောက် ၆၀ သည် အကျဉ်းထောင်များအတွင်း ဆက်လက်ထိန်းသိမ်း ခံနေရပြီး၊ တက်ကြွလှုပ်ရှားသူ စုစုပေါင်းဦးရေ ၈၅ ဦးသည် တရားစွဲဆိုခံရကာ အမှုရင်ဆိုင်နေရပါသည်။

လက်ကျန် နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီသည် အစိုးရ လုပ်ထုံးလုပ်နည်းများ၏ အကန့်အသတ်များကြောင့် ၎င်းကော်မတီ၏ ထိရောက်သော လုပ်ငန်းများအား နှောင့်နှေးစေပါသည်။

ကော်မတီမှ အခြားအခက်အခဲများ ကြုံတွေ့နေရခြင်း အပြင် အစိုးရအာဏာပိုင်တို့၏ နိုင်ငံရေးအကျဉ်းသား မရှိတော့ပါဟု သတင်းထုတ်ပြန် ပြောဆိုမှုများ၊ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးနေမှုများသည် အစိုးရဘက်မှ ထိုက်သင့်လုံလောက်သော ပြုပြင်ပြောင်းလဲမှုများ အားနည်းနေသေးကြောင်း ထောက်ပြနေပါသည်။

**အေအေပီပီ၏ မှတ်တမ်းပြုမှုအရ ယခုလတွင် နိုင်ငံရေးပါတီဝင်များ မှအစ မြေယာအရေး လှုပ်ရှားသူများအထိ တက်ကြွလှုပ်ရှားသူ ၉ ဦး ဖမ်းဆီးခံခဲ့ရပါသည်။ ထိုသို့ဖမ်းဆီးရာတွင်** ကျိုင်းတုံမြို့နယ် ပင်းတောက်အုပ်စု၊ နမ့်လင်းမိုင်ကျေးရွာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) တာဝန်ခံ ***ဦးစိုင်းအိုက်ကိန် (ခ) အိုက်ကျိမ် ၏ အမှုကွဲသို့ပင်*** နေအိမ်များအား ဝင်ရောက်မွှေနှောက် ရှာဖွေခြင်း၊ ရိုက်နှက် နှိပ်စက်ခြင်းများအထိ ပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း ယခုလတွင် တက်ကြွလှုပ်ရှားသူ တစ်ဦးသာ အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်ခဲ့ပါသည်။ အကယ်၍ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးမှုအရေအတွက်သည် ထိုနှုန်းအတိုင်းဆက်လက် တိုးမြင့်သွားမည် ဆိုပါက ဦးသိန်းစိန်အစိုးရသည် ပေးထားသည့် ကတိကဝတ်ကို ဖြည့်ဆည်းနိုင်မည်မဟုတ်ပါ။

ယခု ၂၀၁၄ ခုနှစ်၊ မေလတွင်၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၂၆ ဦး ထောင်ဒဏ်များချမှတ်ခံခဲ့ရပါသည်။ မြန်မာနိုင်ငံအတွင်း မြေယာ သိမ်းဆည်းမှုများ ဆက်လက်ဖြစ်ပွါးနေသည့်အတွက် လယ်သမားများ ဆက်လက် ဖမ်းဆီးခံနေရမှုသည်လည်း လွန်စွာ စိုးရိမ်စရာကောင်းသော ကိစ္စရပ်တစ်ခု ဖြစ်ပါသည်။

လက်တလော ပြစ်ဒဏ်ချမှတ်ခံထားရသော ဒီဗွီဘီ သတင်းထောက် ကိုဇော်ဖေနှင့် လူ့အခွင့်အရေး လှုပ်ရှားဆောင်ရွက်သူ ၅ ဦး(ကိုနေမျိုးဇင်၊ ကိုဝင်းချို၊ ကိုသော်ဇင်၊ ကိုရာဇာ နှင့် ဦးလှိုင်လှိုင်) စုစုပေါင်း ၆ ဦးသည် နိုင်ငံသား တစ်ဦးချင်းစီ၏ အခွင့်အရေးအရ တောင်းဆိုသူများ ဖြစ်သောကြောင့် နိုင်ငံရေးအကျဉ်းသားအဖြစ် အသိအမှတ်ပြုပေးရန် တောင်းဆိုသွားမည်ဟု လက်ကျန်နိုင်ငံရေး အကျဉ်းသားစိစစ်ရေး ကော်မတီမှ ***၂၀၁၄ ခုနှစ်၊ မေလ၁၄ ရက်နေ့***တွင် ပြောကြားလိုက်ပါသည်။

ထို ၆ ဦးကို နိုင်ငံရေးအကျဉ်းသားအဖြစ် အသိအမှတ်ပြုပေးရန်အတွက် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့နှင့်မိမိတို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ AAPPတိုမှ ဆွေးနွေး သဘောတူခဲ့ခြင်း ဖြစ်ပါသည်။

[၂၀၁၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့၊ လွတ်လပ်တဲ့ အာရှအသံ]

# ထိန်းသိမ်းခံရခြင်းများ

လက်ပံတောင်းတောင်အရေး တက်ကြွလှုပ်ရှားသူ ဒေသခံများအား ဆူပူမှုဖြစ်ပွားစေရန်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေရန် လုပ်ဆောင်နေသူဟူသောစွပ်စွဲချက်များဖြင့် ရန်ကုန်ပြည်သူ့အကျိုးဆောင် ကွန်ရက်မှ ***ကိုအောင်စိုး***အား ***၁၈ ရက်နေ့ နံနက် (၁၀)နာရီခန့်က တုံ့ကျေးရွာထိပ်တွင်*** ဆည်းတည်းရဲကင်းမှူး ခင်မောင်ဦးက ဖမ်းဆီး ထိန်းသိမ်းလိုက်ကြောင်း သိရှိရပါသည်။
၂၀၁၄ ခုနှစ်၊ မေလ ၁၈ ရက်၊ အေအေပီပီ။

ပဲခူးတိုင်းဒေသကြီး၊သဲကုန်းမြို့တွင် ***မေလ၆ရက်နေ့၌*** အဖမ်းခံထားရသော ***လယ်သမားတစ်ဦးဖြစ်သည့် ကိုပေါက်စအား*** ပြန်လွှတ်ပေးရန်နှင့် လယ်မြေများပြန်ပေးရန်ဆန္ဒပြကြသူ အယောက်၂၀ခန့်နှင့် မြို့နယ် ရဲတပ်ဖွဲ့အကြား ရှုန်းရင်းဆန်ခတ်ဖြစ်ခဲ့ပြီး လယ်သမား၂ဦး ဖမ်းဆီးခံ ခဲ့ရပါသည်။ ***၁၄ ရက်နေ့***တွင်အဖမ်းခံထားရသော အောင်ကုန်းကျေးရွာမှ ***ဒေါ်ညိုနှင့် ကိုမောင်ဂင်း*** တို့အား ပေါင်းတည်အကျဉ်းထောင်တွင် ဖမ်းဆီးထားကြောင်း သိရှိရပါသည်။
၂၀၁၄ ခုနှစ်၊ မေလ ၁၄ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ မေလ ၁၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

မေလ ၁၂ ရက်နေတွင် မူဆယ်ခရိုင်နမ့်ခမ်းမြို့နယ်မှ တအန်းကျေးရွာများ ဖြစ်ကြသော ဆိုင်တောင်၊ မန်ကန်နဲ့ ဖာဒဲန်ရွာများကို မြန်မာ့စစ်တပ်ရဲ့ တပ်မ၈၈နဲ နမ့်ခမ်းမြို့နယ်မှ မြို့မပြည်သူစစ်အဖွဲ့ပေါင်းပြီး စစ်ကြောင်း ဝင်ရောက်ကာ ရွာခံအိမ်များကို ဝင်ရောက်၍ တအန်းတပ်မတော်နှင့် အဆက်အသွယ်ရှိသလား ဟု မေးမြန်းခြင်းနှင့် ငွေကြေးသိမ်းယူခြင်းများ၊ ဖျက်ဆီးမှု ပြုလုပ်ခြင်းများအပြင် ဖာဒဲန်ရွာမှာ အဖမ်းအဆီးခံရသူ ရှိခဲ့ကြောင်း ဒေသခံတစ်ဦးဖြစ်သော မအီနန်းမှ ပြောပါသည်။
၂၀၁၄ ခုနှစ်၊ မေလ ၁၄ ရက်၊ ဘီဘီစီ

မေလ ၆ ရက်နေ့တွင် တာမွေမြို့နယ်နှင့် ဗဟန်းမြို့နယ်များတွင် ပြည်ထောင်စုအစိုးရ နုတ်ထွက်ပေးရန် စာရွက်များ လိုက်လံဝေငှခဲ့သော ဒီမိုကရေစီ စဉ်ဆက်မပြတ် လှုပ်ရှားရေးအဖွဲ့ MDCF အဖွဲ့ဝင် ***ကိုတင်မောင်ကြည်နှင့်ကိုဇော်ဝင်း***တိုအား နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ)နဲ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ***၉ ရက်နေ့***တွင် ဖမ်းဆီးလိုက်ပြီး အင်းစိန်ထောင်သို့ ပို့လိုက်ပါသည်။
၂၀၁၄ ခုနှစ်၊ မေလ ၁၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ တက်ကြွလှုပ်ရှားသူ ***ကိုထွန်းထွန်းဦး*** သည် အုပ်ချုပ်ရေး၊ တရားရေး နှင့် ရဲဌာနရုံးများရှေ့တွင် ပုဒ်မ၁၈ အား ဆန့်ကျင်ပြောဆိုခဲ့သဖြင့် ***မေလ ၉ ရက်နေ့တွင်*** ဖမ်းဆီးခံခဲ့ရပါသည်။ ကိုထွန်းထွန်းဦးအား ပုဒ်မ၁၈ဖြင့် တရားစွဲဆိုထားကြောင်း သိရှိရပါသည်။
၂၀၁၄ ခုနှစ်၊ မေလ ၁၆ ရက်၊ ဧရာဝတီ

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီဝင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်၊ပင်းတောက်ကျေးရွာအုပ်စု၊ နမ့်လင်းမိုင် ကျေးရွာ ပါတီစည်းရုံးရေးမှူး ***စိုင်းအိုက်ကိန် (ခ) အိုက်ကျိမ်း***အား ကျိုင်းတုံအခြေစိုက် ခလရ(၂၄၅) မှ တပ်ဖွဲ့ဝင်၂၀ ခန့်သည် ၂၀၁၄ ခုနှစ် ***မေလ ၅ ရက်နေ့ ည ၈ နာရီခန့်***တွင် ရိုက်နှက်ဖမ်းဆီး ခေါ်ဆောင် သွားခဲ့ပါသည်။ ၎င်းအား သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ/ သျှမ်းပြည်တပ်မတော် (RCSS/SSA)နှင့် အဆက်အသွယ်ရှိသဖြင့် RCSS/ SSA မှပေးထားသော သေနတ်တစ်လက်ရှိသည်ဟူသော စွပ်စွဲချက်ဖြင့် အမျိုးမျိုးခြိမ်းခြောက်ခြင်း၊ ရိုက်နှက်ညှဉ်းပန်းခြင်း၊ အတင်းအဓမ္မ ဝန်ခံချက်ပေးခိုင်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ ၎င်းအား ၉ ရက်နေတွင် တပ်မတော်မှ ကျိုင်းတုံရဲစခန်းသို လွှဲအပ်လိုက်ပြီး ၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ကြားသိရသည့် သတင်းအရ မတရားအသင်းနှင့် ဆက်သွယ်မှု ပုဒ်မ ၁၇(၁) ဖြင့် တရားစွဲဆိုနိုင်ရန်အတွက် ၎င်းအား နှုတ်ဖြင့်ဝန်ခံခိုင်းသည်ကို ကာယကံရှင်မှ ဝန်ခံခြင်းမပြုခဲ့သော်လည်း၊ အသင့်ရေးသားထားသည့် စာရွက်တွင် ဝန်ခံချက် လက်မှတ်ရေးထိုးရန် အဓမ္မဖိအားပေး တောင်းဆိုခဲ့သည်ဟု ကြားသိရပါသည်။
၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက်၊ ဧရာဝတီ

ပြည်ထောင်စုအစိုးရ နုတ်ထွက်ပေးရန် တောင်းဆိုသော စာသားပါသည့် လက်ကမ်းစာစောင်များကို မြို့နယ်ပေါင်း ၁၁မြို့နယ်တွင် လိုက်လံ ဝေငှခဲ့သော ဒီမိုကရေစီ စဉ်ဆက်မပြတ်လှုပ်ရှားမှုအဖွဲ့ (MDCF) ခေါင်းဆောင် ***ကိုထင်ကျော်အား*** တောင်ဥက္ကလာပမြို့နယ် ရဲစခန်းမှ ***မေလ ၅ ရက်နေ*** တွင် ဖမ်းဆီးပြီး နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ) နှင့်အမှုဖွင့် တရားစွဲဆိုလိုက်ပါသည်။ ထိုနေ့မနက်တွင် တောင်ဥက္ကာပမြို့နယ် နန္ဒဝန်ဈေး၌ ပြည်ထောင်စုအစိုးရ အလိုမရှိ ဆိုသော စာရွက်များဝေပြီး ဟောပြောပွဲများ လုပ်နေစဉ်တွင် ဖမ်းဆီးလိုက်ပြီး အာမခံမပေးဘဲ အင်းစိန်ထောင်သို့ ပို့လိုက်သည်ဟု သိရပါသည်။ ***မေလ၉ရက်နေ့တွင်*** ပုဒ်မ၁၈ဖြင့် အင်းစိန်ထောင်မှ ကျောက်တံတားရုံးသို့ ရုံးထုတ်ခဲ့သည်။
၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်၊ လွတ်လပ်တဲ့အာရှအသံ

ကချင်ပြည်နယ် ၊ မန်စီမြို့နယ် မန်ဝိုင်းကြီး ကျေးရွာအနီးရှိ လကပ်ယန် ဒုက္ခသည်စခန်းမှ ဒုက္ခသည်၁၄ ဦးကို အစိုးရစစ်တပ်မှ မေလ ၃ ရက်တွင် ဖမ်းဆီးခေါ်ဆောင် သွားခဲ့ပါသည်။ လကပ်ယန် ဒုက္ခသည်စခန်းမှတာဝန်ရှိသူများ ဖုန်းဆက်၍အကြောင်းကြားခဲ့သဖြင့် ကချင်ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကော်မတီမှ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ဆက်သွယ်၍ တိုင်ကြားစာ ပေးပို့ခဲ့သည်။ ***မေလ ၃ ရက် မနက် ၁၀နာရီခွဲခန့်က*** မန်ဝိုင်းကြီး ရွာ အနောက်ဘက်တွင် ပုံးကွဲပြီးနောက် ညနေ ၄ နာရီကျော်တွင် ခမရ ၈၈ မှ တပ်ရင်းမှူး ကိုယ်တိုင် ဒုက္ခသည်စခန်းကိုရောက်ရှိလာပြီး လူ၁၄ဦးကို ခေါ်ဆောင် သွားခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးခံထားရသော ဒုက္ခသည်များမှာ ***ဦးဖောင်ယမ်ယော်၊ ဦးဆွမ်ခါဘရန်ထွယ်၊ ဦးလထော်လထောင်၊ ဦးမဂျီဘောက်နော်၊ ဦးဖောင်ဂျွမ်၊ မရမ်နော်မိုင်၊ ဦးမရှုလအောင်၊ ဦးဝဂျယ်တူးမိုင်၊ ဦးရှုဒေါင်ဂမ်၊ မောင် ရှုဒေါင် နော်ဂရောင်၊ ဦးမဂျီဂမ်၊ ဦးအင်ခွမ်လမိုင်၊ ဦးအာ့ဂမ်၊ ဦးကွမ်ဟွမ်၊ ဦးဖိန်ထုန်ခါးထုန်*** တို့ဖြစ်ပါသည်။
[၂၀၁၄ ခုနှစ်၊ မေလ ၄ ရက်၊ ဗွီအိုအေ]

တပ်ရင်း (၃၆)ဒေသသို့ ထိုးစစ်ဆင် ကျူးကျော်ရောက်ရှိနေသော မြန်မာအစိုးရ စစ်တပ် တပ်မ(၈၈) လက်အောက်ခံတပ်များသည် ရှမ်းပြည်နယ်မြောက်ပိုင်း ၊ မူစယ်မြို့နယ် ၊ မုံးပေါ်ကျေးရွာဒေသမှ အပစ်မဲ့ ကချင်အရပ်သားများ ဖြစ်ကြသော (၁)ခရစ်ယာန် သင်းထောက်ဆရာ ***ဆရာရှုဂျန်ဆောင်ယိန်း*** ၊ (၂) ***ဦးရှုဂျန်ဆောင်ချန်း*** (လွယ်ဒန် ရွာ) ၊ (၃) ***ဦးလငွေဘရန်ကွမ်၊*** (၄) ကို***လထော်နော်ခမ်း*** နှင့် (၅) ***ကိုလပေါင်း*** တို့ (၅)ဦးအား ***၂၀၁၄ခုနှစ်၊ မေလ ၊ ၂ ရက်နေ*** ၌ လာရောက် ဖမ်းဆီးခေါ်ဆောင် သွားကြောင်း ဒေသခံများထံ မှ သိရှိရပါသည်။
**[၂၀၁၄ ခုနှစ်၊ မေလ ၇ ရက်၊ အေအေပီပီ။]**

# ထောင်ဒဏ်ချမှတ်ခြင်းများ

မန္တလေး ချမ်းမြသာစည် မြို့နယ် (၅၃၇) ကွင်း နှင့်ပတ်သက်၍ မန်းစည်ပင်မှ ၎င်းတိုစီမံကိန်းကို နောက်ယှက်သူ၊စီမံကိန်းမြေပေါ်သို ကျူးကျော်သူများဟုအဓမ္မစွတ်စွဲကာမြေပိုင်ဆိုင်မှုစာချုပ်လက်ဝယ်ရှိသူများ ဖြစ်ကြသော ***ဦးဝင်းအောင်၊ ဦးကျော်သီဟ၊ ဦးဝင်းကို၊ ဦးအုန်းကျော်၊ မနွဲ့ယဉ်သင်း၊ မဝင်းချို၊ မမျိုးမျိုးသင်း၊ မရွှေလန် ဒေါ် မရှမ်းမ*** တို သည် ပုဒ်မ ၃၅၃၊၄၄၇၊၁၁၄ တိုဖြင့် ၂၀၁၃ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှစ၍ အဓမ္မတရားစွဲခံကြရပါသည်။ မန်းစည်ပင်မှ ထိုသူတို၏ ဝင်းခြံ အဆောက်အဦးများကို တုတ်ဓားလက်နက်များ ကိုင်ဆောင်၍ အသက် ၁၈နှစ်မပြည့်သေးသည့် ကလေးငယ်များအား မန်းစည်ပင်ယူနီဖောင်းများ ဝတ်ဆင်စေပြီး မန်းစည်ပင်ကိုယ်တိုင် ဦးစီးကာ ရဲအင်အားများပါသုံး၍ အကြမ်းဖက်ဝင်ရောက် ဖျက်ဆီးခဲ့ကြပါသည်။ ထိုသိုဖျက်ဆီးနေသော တာဝန်ရှိသူများအား အဓမ္မအကြမ်းမဖက်ပဲ တာဝန်ရှိသည့်အတိုင်း ငြိမ်းချမ်းစွာဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံခဲ့သည့် ကိုအေးသိန်းကိုပါ ၂၀၁၃ခုနှစ်၊ မတ်လ၃ရက်နေ့မှစတင်ပြီး ပုဒ်မ ၃၅၃၊ ၄၄၇၊ ၁၁၄ တိုဖြင့် တရားစွဲဆိုခဲ့ပါသည်။

အမှုစစ်ချိန် ၁၄လ၊၂၀ရက်ပြည့်သော ***ယနေ့ ၂၀၁၄ ခုနှစ်၊ မေလ ၂၃ရက်***နေ့တွင် ချမ်း/စည်မြို့နယ် တရားသူကြီး ဦးနီထွန်းဦးသည် ၎င်းတရားစွဲခံရသူများ ထံမှ ငွေယူခဲ့သည့်အပြင် ***ပုဒ်မ ၃၅၃ ဖြင့်လည်း ၎င်းတို ၉ ဦးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၆ လစီ မတရားချမှတ်သည်ဟု*** သိရှိခဲ့ရပါသည်။

[၂၀၁၄ ခုနှစ်၊ မေလ ၂၃ ရက်နေ့၊ အေအေပီပီ။]

မိုးထိမိုးမိရွှေလုပ်သား ဒုက္ခသည်မိသားဖင်များ ဖြစ်ကြသည့် ***ဒေါ်ရီဂင်း ၊ ဒေါ်ရီမြင့် ၊ မသူသူအေး ၊ မထွေး ၊ ကိုမျိုးတင့် ၊ ကိုအန့်ကျော် ၊ ကိုဖိုးကျော် ၊ ကိုမောင်ကျော် ၊ ကိုချစ်မင်းဦး ၊ကိုလီဆူး တို (၁၀) ဦးအား ၂၀၁၄ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင်*** ရမည်းသင်းမြို့နယ် တရားရုံးမှ ပုဒ်မ ၁၄၃ နှင့် ထောင်ဒဏ် (၃) လ၊ ပုဒ်မ ၁၈၈ နှင့် ထောင်ဒဏ် (၃) လ ၊ ပုဒ်မ ၅၀၅ (ခ) နှင့် ထောင်ဒဏ်(၁) နှစ် ***စုစုပေါင်း ထောင်ဒဏ် တစ်နှစ်နှင့် ၆ လ ချမှတ်ခဲ့ပါသည်။*** ထိုသို့ ၎င်းတို့အား ထောင်ဒဏ်များ ချမှတ်ခြင်းကို မိသားစုဖင်များအား အကြောင်းမကြားဟု သိရှိရပါသည်။

**၂၀၁၄ခုနှစ်၊ မေလ ၂၀ရက်နေ့၊ အေအေပီပီ**

[၂၀၁၄ခုနှစ်၊ မေလ ၂၆ရက်နေ့၊ ဒီဗွီဘီ]

# လွတ်မြောက်လာမှုများ နှင့် ထောင်တွင်းအခြေအနေများ

**မတရားအသင်း ပုဒ်မ ၁၇ (၁) နဲ့ တရားစွဲဆိုထားသော ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်** SNLD **မှ ကျိုင်းတုံမြို့နယ် ရပ်/ကျေးတာဝန်ခံ စိုင်းအိုက်ကိန်းကို မေလ ၂၉ ရက်နေ့တွင် ကျိုင်းတုံတရားရုံးမှ မြို့နယ်တရားသူကြီး ဒေါ်မာမာစိုး အမိန့်အရ ပြန်လွှတ်ပေး လိုက်ပါသည် စိုင်းအိုက်ကိန်းကို ဒုရဲမှူးကြီး ဦးကျော်ထွန်းဝင်းမှ တရားလိုအဖြစ်နဲ့ ကျိုင်းတုံမြို့နယ်တရားရုံးတွင် အမှုတင်ခြင်းဖြစ်ပြီး တရားလိုမှ အမှုကိုပြန်ရုတ်သိမ်းသွားခြင်းဖြစ်ပါသည်။ ကျိုင်းတုံမြို့နယ်** SNLD **ပါတီ ဥက္ကဌ ဦးဆူလဖုံးမှ "ရဲစခန်းကနေ တရားရုံးကိုသွားတယ်၊ တရားရုံးကနေ လွှတ်ပေးလိုက်တယ်ခင်ဗျ၊ ဘာမှမပြောဘဲ မင်းအပြစ်မရှိဘူးဆိုပြီး လွှတ်လိုက်တယ်ခင်ဗျ။"**

**၂၀၁၄ခုနှစ်၊ မေလ ၂၉ ရက်၊ လွတ်လပ်တဲ့ အာရှအသံ**

***ယခုလအတွင်း ထောင်တွင်း အခြေအနေများနှင့် ပတ်သက်ပြီး နောက်ဆုံးရ သတင်းများကို အေအေပီပီ မှ မသိရှိရပါ။***

**ဆိုက်ကားဆရာတစ်ဦး ဆန္ဒပြမှုကို ဦးဆောင်သဖြင့် တရားစွဲခံရခြင်း**

ဆိုက်ကားလိုင်စင်ကြေးများ တိုးမြှင့်ကောက်ခံမှုနှင့် ပတ်သက်ပြီး ဆန့်ကျင်ဆန္ဒပြခြင်းကို ဦးဆောင်သဖြင့် ***၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင်*** ပြည်မြို့နယ်၊ မြို့မရဲစခန်းမှ ***ဆိုက်ကားဆရာ ကိုဝင်းလှိုင် အား ခွင့်ပြုချက်မရပဲ ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခဲ့ပါသည်။*** ဆန္ဒပြသူများသည် ဆန္ဒပြခွင့်ရရန် ခွင့်တောင်းခဲ့သော်လည်း ၎င်းတို့အား ခွင့်မပြုခဲ့ပါ။

၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက်၊ ဧရာဝတီ သတင်းစာမျက်နှာ

**ရွေးကောက်ပွဲကော်မရှင်မှ ဒေါ်အောင်ဆန်းစုကြည် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြင်ဆင်ရန် ဟောပြောနေမှုများသည် တရားမဝင်ကြောင်း သတိပေး**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ဒေါ်အောင်ဆန်းစုကြည်၏ ဖွဲ့စည်းပုံဥပဒေ ပြင်ဆင်ရန် ဟောပြောနေမှုများသည် တရားမဝင်ကြောင်း သူမအား သတိပေးစာ ပေးပို့ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းများအတွက် တာဝန်ရှိသည့်အဖွဲ့အစည်းဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှရွေးကောက်ပွဲကော်မရှင်၏ သတိပေးအကြောင်းကြားစာအား ကန့်ကွက်ရန် စီစဉ်လျက်ရှိသည်။

၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်၊ အလဲဗန်း သတင်းဌာန

**အေအေပီပီ စိတ်ဓါတ်မြှင့်တင်ရေးဆိုင်ရာ အစီအစဉ်၏ နှစ်သိမ့်ဆွေးနွေးသူများ အာဏာပိုင်များ၏ စောင့်ကြည့်ခံရခြင်း**

စိတ်ဒါဏ်ရာ ရရှိခံစားနေရသော နိုင်ငံရေးအကျဉ်းသားများအား နှစ်သိမ့်ဆွေးနွေးမှုများပေးနေသည့်အချိန်များတွင် အေအေပီပီ စိတ်ဓါတ်မြှင့်တင်ရေးဆိုင်ရာအစီအစဉ်၏ မြန်မာပြည်တွင်းရှိ နှစ်သိမ့်ဆွေးနွေးသူများသည် အစိုးရထောက်လှမ်းရေး အရာရှိများ၏ မကြာခဏ နောက်မှလိုက်ခံရခြင်း၊ နှစ်သိမ့်ဆွေးနွေးမှု ပေးသည့်အခါ ခိုးနားထောင်ခြင်းများဖြင့် ကြုံတွေ့နေရပါသည်။

၂၀၁၄ ခုနှစ်၊ မေလ ၂၆ ရက်နေ့၊ မဇ္ဈိမ သတင်းဌာန

**ကိုအောင်စိုးဖမ်းဆီးခံရခြင်းနှင့် ပတ်သက်ပြီး တက်ကြွလှုပ်ရှားသူများမှ ပြန်လည် တုန့်ပြန်မှု**

***တနင်္ဂနွေနေ့၊ ၂၀၁၄ ခုနှစ်၊ မေလ ၁၈ ရက် မနက်ပိုင်းတွင်၊*** လက်ပံတောင်းတောင်အရေးလှုပ်ရှားဆောင်ရွက်နေသော ***ရန်ကုန်ပြည်သူ့အကျိုးဆောင်ကွန်ရက်မှ ကိုအောင်စိုးသည် မွန္တလေးတိုင်းအတွင်းရှိ မြေယာသိမ်းကိစ္စနှင့် ပတ်သက်ပြီး ဆန့်ကျင်ဆန္ဒပြမှုတွင် ပါဝင်ခဲ့သဖြင့် အာဏာပိုင်များမှ ဖမ်းဆီးသွားခဲ့သည်။*** ထိုနောက် မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်ရှိ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ကုမ္ပဏီမှ တရုတ်လူမျိုး၂ဦးနှင့် မြန်မာလူမျိုး ယာဉ်မောင်းတစ်ဦးအား ဒေသခံရွာသားများမှ ကော့ပါးမိုင်းစီမံကိန်းရပ်ဆိုင်းရေး ညှိနှိုင်းရန် ရည်ရွယ်ချက်ဖြင့် ထိုနေ့မနက် ၁၁ နာရီလောက်တွင်ဖမ်းဆီး ခေါ်ဆောင်ခဲ့ကြသဖြင့် လူထုနှင့် အာဏာပိုင်များအကြား ပဋိပက္ခများ ထပ်မံဖြစ်ပွါးခဲ့ပါသည်။ ထိုနေ့ ညနက်ပိုင်းတွင်လည်း ထိုဒေသရှိ ဇီးတောကျေးရွာ ဘုန်းတော်ကြီးကျောင်းကို ရဲတပ်ဖွဲ့မှ မျက်ရည်ယိုဗုံးများနှင့် ဝင်ရောက် ပစ်ခတ်ခဲ့သည့်အပြင်၊ ညသန်းခေါင်ယံကျော်အချိန်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ရာဘာကျည်ဆံ၊ ကျည်ဆံအစစ်တွေနှင့်ပါ ပစ်ခတ်ခဲ့ကြပါသည်။

၂၀၁၄ ခုနှစ်၊ မေလ ၁၈ ရက်နေ့။ လွတ်လပ်တဲ့ အာရှအသံ

***ဆန္ဒပြခဲ့သည့်အတွက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (ဗ.က.သ) အဖွဲ့ဝင် ကိုကောင်းထက်ကျော် ရိုက်နှက်ခံရခြင်း***

***မေလ ၆ ရက်နေ့တွင်၊*** ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ အောင်ကုန်းကျေးရွာ၌၊ သပိတ်စခန်းဖွင့်လှစ်ကာ ဆန္ဒပြခဲ့သည့်အတွက် ***လယ်သမားကိုပေါက်စ ဖမ်းဆီးခံခဲ့ရပါသည်။*** ကိုပေါက်စအား ပြန်လွှတ်ပေးရန်အတွက် ***မေလ ၁၄ ရက်နေ့တွင်*** လယ်သမားများနှင့်၎င်းတို့အား ကူညီသူ အယောက် ၂၀ မှ သဲကုန်းမြို့တွင်၊ ဆန္ဒပြပြီး အပြန်လမ်းတွင် ရဲတပ်ဖွဲ့ဝင်အင်အား ၃၀ လောက်မှ ဝင်ရောက်ဖမ်းဆီးသည့်အတွက်၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအဖွဲ့ဝင် ***ကိုကောင်းထက်ကျော်နှင့် ရွာသူ ဒေါ်ညို၊ မခင်မာဝင်းတို့ ရိုက်နှက်၊ ဓါးဖြင့်ထိုးခံခဲ့ရကာ၊ အောင်ကုန်းကျေးရွာမှ ဒေါ်ညိုနှင့် ကိုမောင်ဝင်းတို့လည်း ထိုနေ့တွင်ပင် ဖမ်းဆီးခံခဲ့ရပါသည်။*** ၎င်းတို့ ၂ ဦးအား သဲကုန်းမြို့နယ် ရဲစခန်းတွင် ချုပ်နှောင်ကာ၊ ထိုနောက် ပေါင်းတည် အကျဉ်းထောင်သို့ ပြောင်းရွှေ့ကာ ဖမ်းဆီး ချုပ်နှောင်ထားပါသည်။

၂၀၁၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့။ လွတ်လပ်တဲ့အာရှအသံ
၂၀၁၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့။ ဒီဗွီဘီ

**ဗ.က.သ အဖွဲ့ဝင် ကိုကောင်းထက်ကျော် အရိုက်ခံရခြင်းကိစ္စနဲ ပတ်သက်ပြီး တာဝန်ရှိသူကို ဖော်ထုတ်ပေးရန်နှင့် ဖမ်းဆီးခံလယ်သမားများအား ပြန်လည်လွှတ်ပေးရန် ၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် မန္တလေးခရိုင် ဗ.က.သများအဖွဲ့ချုပ် မှ တောင်းဆို ဆန္ဒပြခဲ့ကြပါသည်။**

**ထိုကိစ္စနဲပတ်သက်ပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဗ.က.သမှလည်း ကန့်ကွက်ကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။**

၂၀၁၄ ခုနှစ်၊ မေလ ၁၇ ရက်၊ လွပ်လပ်တဲ့ အာရှအသံ

**ဒီဗွီဘီ သတင်းဌာနမှ နိုင်ငံခြား သတင်းထောက် ပြည်နှင်ဒဏ်ပေးခံရခြင်း**

မေလ၇ရက်နေ့တွင် မကွေးမြို့၌ကျင်းပသော သတင်းမီးဒီယာများပေါ်တွင် ဖိနှိပ်မှုရပ်တန့်ရေးနှင့် အဖမ်းဆီးခံသတင်းထောက်များ လွှတ်ပေးရေး ဆန္ဒပြမှုအား သတင်းသွားယူခဲ့သော ဩစတြေး လျနိုင်ငံသား DVB အင်္ဂလိပ်ပိုင်း သတင်းထောက် **Angus Watson ကို ထိုနေ ဆန္ဒပြပွဲတွင် ပါဝင်သည် ဟုဆိုကာ မေလ ၈ ရက်နေ ညနေပိုင်းတွင်** မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ ပြည်နှင် ဒဏ်ပေးလိုက်ပါသည်။ သမ္မတ၏

ပြောခွင့်ရသူလည်းဖြစ်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးလည်းဖြစ်သူ ဦးရဲထွဋ်မှ ဩစတြေးလျနိုင်ငံသားသည် Business Visa နဲ့ ဝင်လာသူဖြစ်ပြီး သတင်းထောက်ဗီဇာနှင့်ဝင်လာခြင်းမဟုတ်သောကြောင့် ဗီဇာစည်းကမ်းချိုးဖောက်မှု လဝက အက်ဥပဒေ ပုဒ်မ (၂) အရ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း ပြောကြားလိုက်ပါသည်။ ရန်ကုန်မြို့ရှိ ဒီဗွီဘီ သတင်းဌာန၏ အကြီးအကဲဖြစ်သူ ကိုတိုးဇော်လတ်မှ **Angus Watsonသည်** ဆန္ဒပြမှုတွင်မပါဝင်ခဲ့ကြောင်း၊ သတင်းရယူရန် သွားခဲ့ခြင်းသာဖြစ်ကြောင်း၊ ထိုအပြင် ကိုတိုးဇော်လတ်မှ ဒီဗွီဘီ သတင်းဌာနသည် တရားဝင် မှတ်ပုံတင်ထားသော သတင်းဌာန ဖြစ်သောကြောင့် မြန်မာနိုင်ငံဥပဒေအရ ၎င်းတို့သတင်းဌာနမှ သတင်းထောက်များသည် Business Visa ဖြင့် ရန်ကုန်ရုံးတွင် အလုပ်လုပ်ကိုင်နိုင်ကြကြောင်း ရှင်းပြခဲ့ပါသည်။

[၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်၊ ဘီဘီစီ သတင်းဌာန]

[၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်၊ ဗွီအိုအေ သတင်းဌာန]

***မိမိတို့ အေအေပီပီမှ နိုင်ငံရေးအကျဉ်းသားများအပေါ် ကန့်သတ်တားမြစ်ခြင်းများနှင့် ပတ်သက်သော သတင်းများကို ယခုလတွင် မရရှိပါ။***

***၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက်နေတွင်*** မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ခတက်ချဉ်ကျေးရွာအုပ်စုမှ ယခင်က ပဲစိုက်ပျိုးခဲ့သော တောင်သူ ၅၆ယောက်အား အစိုးရ၏ ကြံစိုက်ပျိုးစီမံကိန်းကို မစိုက်တော့သည့်အတွက် ***ပိုင်နက်ကျူးလွန်မှု ပုဒ်မ- ၄၄၇ နှင့် တရားစွဲလိုက်ပါသည်။*** လွန်ခဲ့သော ၁၉၉၆ ခုနှစ်လောက်က အမှတ် ၁၂၁ ***ထောက်ပံ့ရေးနှင့်*** ပိုဆောင်ရေးတပ်ရင်းမှ တောင်သူများ လုပ်ကိုင်နေသော မြေဧက ၅၀၀ ကျော်အား သိမ်းထားခြင်းဖြစ်ပြီး Great Wall ကုမ္ပဏီ နှင့် အကျိုးတူပူးပေါင်းကာ ကြံစိုက်ပျိုးစေခဲ့သည်ဟု သိရပါသည်။
၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ် တရားရုံးမှ ***လယ်သမား ၇ ယောက်အား ပိုင်နက်ကျူးလွန်မှု၊ အကျိုးစီးပွား ပျက်စီးစေမှု ပုဒ်မများနှင့် ၂၀၁၄ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ထောင် ဒဏ် တစ်လစီ*** ချမှတ်လိုက်ပါသည်။ ပန်းတနော်မြို့နယ်၊ ပြလင်းချောင်းကြီး၊ထိန်ကုလားကုန်း၊ ကျခတ်တောကျေးရွာတွေက လယ်သမား၇ယောက်အား ဖိုးလမင်း ကုမ္ပဏီပိုင် လယ်မြေများတွင် ဂင်ရောက် ထွန်ယက်ခဲ့သည့်အတွက် ပန်းတနော် တရားရုံးမှ ထောင်ဒဏ် ချမှတ်ခဲ့ခြင်းဟု သိရပါသည်။
၂၀၁၄ခုနှစ်၊ မေလ ၂၃ ရက်နေ့၊ လွတ်လပ်တဲ့ အာရှအသံ

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ် ကျားရဲကျေးရွာအုပ်စု ထန်းကုန်းနှင့် ကြောတန်းကြီးကျေး ရွာတွေမှ ***လယ်သမား ၄၈ ယောက်အား ပိုက်နက် ကျူးလွန်မှု၊ အကျိုးစီးပွားဖျက်ဆီးမှု ပုဒ်မများနှင့်၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက်***နေ့တွင် သာပေါင်းမြို့နယ် တရားရုံးမှာ ရုံးထုတ်စစ်ဆေးခဲ့ ပါသည်။ လွန်ခဲ့သော ၁၉၉၇ ခုနှစ်ကလောက်တွင် ထိုရွာနှစ်ရွာမှ လယ်သမား ၄၀ ကျော် ပိုင်ဆိုင်သော ဧက ၅၀၀ ကျော်ကို ဧရာရွှေဂါကုမ္ပဏီမှ မြေလွတ်မြေရိုင်း ဖော်ဆောင်ရေးအတွက်ဆိုပြီး သိမ်းယူခဲ့ခြင်းဖြစ်သည်ဟု သိရပါသည်။ ထိုနောက် ကုမ္ပဏီမှ သီးစားချ ငှားရမ်းထားရာမှ၂၀၁၂ ခုနှစ်တွင် ဧရာဂတီတိုင်းဒေသကြီး အစိုးရထံ ပြန်လည်အပ်နှံခဲ့သည်ဟု သိရပါသည်။ ထိုသို့ ပြန်အပ်နှံခဲ့သောလယ်မြေများထဲမှ တချို့ကို ပြန်ပေးမည်ဟု သာပေါင်းမြို့နယ်အုပ်ချုပ်ရေးမှ ၂၀၁၃ခုနှစ် ဇွန်လတွင် လယ်သမားများကို ပြောခဲ့သည့်အတွက် ဂင်ရောက်ထွန်ယက်ရာမှ အမှုဖွင့်တရားစွဲခံရခြင်း ဖြစ်ပါသည်။
၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက်၊ လွတ်လပ်တဲ့အာရှအသံ

အေအေပီပီမှ အသစ်ထုတ်ပြန်လိုက်သော နိုင်ငံရေးအကျဉ်းသား အရေအတွက်ကို ဧရာဝတီသတင်းဌာနမှ ထုတ်ပြန်ကြေငြာလိုက်သည်။ ယခုလက်ရှိတွင် နိုင်ငံရေးအကျဉ်းသား အနည်းဆုံး ၅၉ဦး အကျဉ်းချခံနေရ၍ ၈၅ ဦး တရားရင်ဆိုင်နေရဆဲဖြစ်သည်။
၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်၊ ဧရာဝတီ

အေအေပီပီ၏စိတ်ဓါတ်မြှင့်တင်ပေးရေးအစီအစဉ်အား မဇ္ဈိမသတင်းဌာနမှ ထုတ်ပြန်ကြေငြာလိုက်သည်။ ထိုစီမံကိန်းအရ အေအေပီပီမှ နိုင်ငံရေးအကျဉ်းသားဟောင်းများ ခံစားနေရသော စိုးရိမ်မှု၊ စိတ်ဓါတ်ကျဆင်းမှု နှင့် စိတ်ဒါဏ်ရာများကို ဆွေးနွေးကုသသွားမည် ဖြစ်သည်။
၂၀၁၄ ခုနှစ်၊ မေလ ၂၆ ရက်၊ မဇ္ဈိမ

နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS) တို့ပူးပေါင်းပြီး ၁၉၆၂ ခုနှစ်မှ ယခုအချိန်အထိ နိုင်ငံရေးပြစ်မှုများနှင့် ထောင်ကျခဲ့သူများ၏ စာရင်းကို နိုင်ငံတဝှမ်းတွင် ကောက်ယူနေသည်ဟု ဘီဘီစီ သတင်းဌာနမှ ထုတ်ပြန်ပြောကြားလိုက်ပါသည် ။

ထိုမှရရှိသော အချက်အလက်များကို ယခုနှစ်ကုန်တွင် ထုတ်ပြန်သွားရန် ရှိသည်ဟုလည်းကောင်း၊ စာမျက်နှာ ၁၂မျက်နှာရှိသော သတ်မှတ်ဖြည့်စွက်လွှာတွင် နိုင်ငံရေး အကျဉ်းသားတစ်ဦးချင်းစီမှ ၎င်းတို့ ထောင်ကျခဲ့သော အကြောင်းအရာ၊ ထောင်တွင်း အတွေ့အကြုံ၊ ထောင်မှ လွတ်လာပြီးနောက် အခြေအနေ၊ လက်ရှိ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသော အချက်အလက်များကို ဖြည့်ပေးရမည်ဟုလည်းကောင်း လောလောဆယ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကောက်ခံရရှိထားသော နိုင်ငံရေးအကျဉ်းသားဟောင်း အရေအတွက်သည် ၁၆၀၀ ဦးရေ လောက်ရှိပြီး စာရင်းကောက်ယူခြင်းကို နောက် ၆ လအကြာ တွင် အပြီးသတ်ရန် ရှိပါသည်ဟုလည်းကောင်း၊ ၁၉၆၂ ခုနှစ်မှ အခုချိန်အထိ နိုင်ငံရေးပြစ်မှုများနှင့်ထောင်ချခံရသော နိုင်ငံရေးအကျဉ်းသား ဦးရေသည် ၇ ထောင် မှ ၁ သောင်း ကြား ရှိနိုင်သည်ဟု အေအေပီပီမှ ခန့်မှန်းထားကြောင်းကိုပါ ဘီဘီစီ သတင်းဌာနတွင် ပြောကြားခဲ့ပါသည်။
၂၀၁၄ ခုနှစ်၊ မေလ ၇ ရက်၊ ဘီဘီစီ

လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံနှင့် စတင်ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် ဥရောပနိုင်ငံခြားရေး ဝန်ကြီးများမှ မြန်မာ အာဏာပိုင်များ လုပ်ဆောင်ရန်မျှော်လင့်သော အချက် ၂၁ချက်ကိုလည်း ထုတ်ပြန်လိုက်ပါသည်။ ထိုအချက် ၂၁ချက်တွင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေးသည်လည်း တစ်ချက် အပါအဝင်ဖြစ်သည်။

၂၀၁၄ ခုနှစ်၊ မေလ ၁၇ ရက်၊ ဒီဗွီဘီ

မြန်မာအစိုးရသည် ယခင်စစ်အစိုးရလက်ထက်မှ ပြည်ပသို့အကြောင်း အမျိုးမျိုးကြောင့် ထွက်ခွာခဲ့ရသူများ၏ နိုင်ငံသားလျှောက်လွှာများကို ယခုအချိန်တွင် ပြန်လည်သုံးသပ်နေပါကြောင်း လူဝင်မှုကြီးကြပ်ရေးဌာန ဝန်ကြီးဦးခင်ရီ၏ ပြောကြားချက်အားကိုးကား၍ ရေဒီယိုသတင်းဌာနမှ မေလ ၁၂ ရက်နေ့တွင် သတင်းထုတ်ပြန်လိုက်ပါသည်။ လျှောက်လွှာ တစ်ခုချင်းစီအား ဝန်ကြီးဌာန သုံးခုမှ စစ်ဆေးပြီးနောက် တစ်ဦးချင်း သုံးသပ်ချက်အတွက် သမ္မတရုံးခန်းသို့ ပေးပို့ပါသည်။
သို့ရာတွင် ယခုလျှောက်ထားသော ဦးမိုးသီးဇွန်၏ ပြောကြားချက်အရ လျှောက်ထားသူများမှာ နိုင်ငံရေးနှင့် ကင်းလွတ်ရ မည်ဟူသည့် အချက်ပါရှိကြောင်းသိရှိရပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူ ဦးမောင်မောင်သန်းမှ “နားလည်မှုလွဲမှား တာအချို့ရှိနေပါတယ်၊ ကျနော်တို့က လျှောက်ထားသူတွေရဲ့ နိုင်ငံရေးနောက်ကြောင်းကို မေးတာမဟုတ်ပါဘူး၊ ကျနော်တို့မေးတာက ရာဇဝတ်မှုနောက်ကြောင်း ရှိ၊မရှိ ကိုပဲမေးတာပါ၊ ကျနော်တို နိုင်ငံရေး နောက်ကြောင်းနဲ့ပတ်သတ်ပြီး ဘာမှခွဲခြားတာမရှိပါဘူး”ဟု ပြောကြားခဲ့ပါသည်။ ထိုင်း-မြန်မာနယ်စပ် အခြေစိုက် ဒီမိုကရေစီနှင့်ဖွံ့ဖြိုး တိုးတက်ရေးကွန်ရက် ဥက္ကဋ္ဌ မခင်ဥမ္မာမှ “အစိုးရက နိုင်ငံသားလျှောက်လွှာတွေကို တတ်နိုင်သမျှ များများ လက်ခံနိုင်ဖို့လိုအပ်ပါတယ်။ သူတို့က အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် လည်း ပေးဖိုလိုအပ်ပါတယ်။ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် မထုတ်ပြန်သေးတာကြောင့် ကျမတို့တွေပြန်လာဖို့ဆိုတာ ခက်ခဲနေ ပါသေးတယ် ” ဟုပြောကြားခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ မေလ ၁၂ ရက်၊ ရေဒီယိုဖရီးအေးရှား

မေလ ၂ ရက်နေ့တွင် ပဲရစ်မြို့အခြေစိုက် လူ့အခွင့်အရေးအဖွဲ့အစည်း တစ်ခုဖြစ်သော International Federation of Human Rights (FIDH)မှ နိုင်ငံရေးအကျဉ်းသား ၅ ဦးဖြစ်သော ဒီဗွီဘီ သတင်းထောက် ဦးဇော်ဖေ၊ ယူနတီသတင်းဂျာနယ်မှ သတင်းထောက်များဖြစ်ကြသော ကိုလူမော်နိုင်၊ ကိုရာဇာဦး၊ ကိုပိုင်သက်ကျော်နှင့် ကိုစည်သူစိုးတိုအား ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်ပါသည်။

ထို့အပြင် ၎င်းအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သော Karim Lihidji မှလည်း “သမ္မတဦးသိန်းစိန်ရဲ့ သတင်းထောက်တွေအပေါ် များပြားလာတဲ့ နှောင့်ယှက်မှု တွေဟာ တစ်ချိန်က စစ်အာဏာရှင် ဦးသန်းရွှေရဲ့ လုပ်ရပ်တွေနဲ့ မခြားနားပါဘူး” ဟုပြောကြားခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ မေလ ၂ရက်၊ မဇ္ဈိမ

အစိုးရမှ ၂၀၁၄ ခုနှစ်၊ မေလအတွင်း နိုင်ငံရေးပြောဆိုမှုများအတွက် ထောင်ဒဏ်ချမှတ်ခြင်း၊ ဖမ်းဆီးခြင်းနှင့် အကျဉ်းထောင်များအတွင်း ထိန်းသိမ်းထားခြင်းများ ဆက်လက်ပြုလုပ်နေခြင်းသည် သမ္မတ ဦးသိန်းစိန် အစိုးရ၏ ပြုပြင်ပြောင်းလဲမှု အားနည်းနေသေးကြောင်း ညွှန်းဆိုလျှက်ရှိပါသည်။ မြန်မာအစိုးရမှ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၅၀၅ (ခ) ကဲ့သို့ လက်ရှိပြန်ဌာန်းထားသည့် ဥပဒေပုဒ်မများကို သိသိသာသာ မပြင်ဆင်နိုင်သေးသ၍ ပြည်သူလူထုမှာ စစ်မှန်သည့် နိုင်ငံရေးလွတ်လပ်ခွင့်ကို ခံစားနိုင်မည် မဟုတ်ပေ။

မေလအတွင်း ဖြစ်ပွားခဲ့သော သတင်းထောက်များအား ပြည်နှင်ဒါဏ်ပေးခြင်းနှင့် ဖမ်းဆီးအရေးယူခြင်းများမှာ သတင်းမီဒီယာ လောကကို အသစ်တဖန် ပြန်လည်ဖိနှိပ်လျက်ရှိပါကြောင်း သတိပေး ထောက်ပြနေပါသည်။ ပြီးခဲ့သော သုံးနှစ်တာကာလအတွင်း ဖြစ်ပေါ်လာသော တိုးတက်ပြောင်းလဲမှုများကို ဆက်လက် ထိန်းသိမ်းနိုင်ရန်အတွက် မီဒီယာများမှ ပြည်သူများထံသို့ လွတ်လပ်စွာ သတင်းထုတ်ပြန်ခွင့်ကို အစိုးရမှ ခွင့်ပြုပေးရန်မှာ လွန်စွာ အရေးကြီးလှပေသည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီမှ လုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် နှောင့်နှေးစေသည့် အကန့်အသတ်များ ဆက်တိုက်ကြုံတွေ့နေရခြင်းသည် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးအတွက် ထိရောက်သေချာစွာ လုပ်ဆောင်နိုင်ရန် ခက်ခဲစေပါသည်။ ကော်မတီမှ ပုံမှန်အစည်းအဝေးများ မကျင်းပနိုင်သည့်အတွက် နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ် ဖွင့်ဆိုချက်အပေါ် သဘောတူညီမှုကဲ့သို့သော အခြေခံ အကြောင်းအရာများကို ချမှတ်လုပ်ဆောင်နိုင်ရန် အခက်အခဲများစွာ ရင်ဆိုင် ကြုံတွေ့နေရပါသည်။ ထိုကဲ့သို့ တူညီသည့် နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက် မရှိသည့်အပြင် ကော်မတီ၏ သတင်းအချက်အလက်များ တောင်းဆိုမှုကို အစိုးရမှ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့မှာ ကော်မတီ၏ ရေရှည် ကြီးမားသော အခက်အခဲများ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် အစိုးရဖက်မှ အချို့သော အကန့်အသတ်များကို ဖြေလျှော့ပေးရန် လိုအပ်နေပါသည်။

ယခုလက်ရှိ မှတ်တမ်းပြုထားသော စာရင်းအရ နိုင်ငံရေးအကျဉ်းသား အယောက် ၆၀ ရှိနေပြီး၊ ထိုအရေအတွက်အရ ၂၀၁၃ အကုန်စာရင်းသည် နှစ်ဆ တိုးလာခဲ့ပါသည်။ ထို့အပြင် တက်ကြွလှုပ်ရှားသူ ၈၅ ယောက်မှာလည်း တရားရင်ဆိုင် နေရသည်ဖြစ်ရာ မကြာမီအချိန်အတွင်း ၂၀၁၃ အကုန် လက်ကျန် နိုင်ငံရေးအကျဉ်းသား စာရင်းထက် လေးဆ တိုးလာဖွယ် ရှိနေပါသည်။ နိုင်ငံရေးအကျဉ်းသားများအား ပြန်လွှတ်ပေးသည့်အတွက် နိုင်ငံတကာမှ မြန်မာအစိုးရအပေါ် ပိတ်ဆို့မှုများအား ဖြေလျှော့ပေးခြင်းကို ကြိုဆိုသော်လည်း မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေဆဲဖြစ်သည့် နိုင်ငံရေးအကျဉ်းချမှု အခြေအနေများကို ဆက်လက် စောင့်ကြည့်သုံးသပ်ရန်မှာ အရေးကြီးလှပေသည်။

**ဆက်သွယ်မေးမြန်းရန်**
ကိုတိတ်နိုင်　အတွင်းရေးမှူး (+၆၆)၈၁ ၂၈၇၈ ၇၅၁
ကိုဘိုကြည် တွဲဘက်အတွင်းရေးမှူး (+၉၅)၉၄၂၅၃၀ ၈၈၄၀
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)